# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 22 , 2026 Volume 103 , Number 16


| ၂၂.၆.၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၄.၇၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၄.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၂.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၉.၅၈ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၅.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၇၆ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကန့်ဘလူမြို့နယ်၏ ဆီထွက်သီးနှံဈေးနှုန်းဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာ၊ မြေပဲဆန်နှင့်ကြက်ဆူစသည့်သီးနှံများ၏ ဇွန်လ တတိယပတ်ဈေးနှုန်းများကို စုစည်းဖော်ပြလိုက်ပါသည်။

**နှမ်း**

၂၀၂၆ ခုနှစ်၊ ဇွန်လ တတိယပတ်အတွင်း ကန့်ဘလူမြို့နယ်၌ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၁၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)တစ်တင်းလျှင် ကျပ် ၁၀၇,၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်၏ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၅၀၀၀ ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း သိရသည်။

**ဆီနေကြာ**

ဇွန်လ တတိယပတ်အတွင်း ဆီနေကြာတစ်တင်းလျှင် ကျပ် ၅၇,၀၀၀၊ နေကြာညှံ့လျှင် ကျပ် ၅၆,၅၀၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဆီနေကြာတစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

**ကြက်ဆူ**

ကြက်ဆူတစ်တင်းလျှင် ကျပ် ၄၈,၀၀၀၊ ကြက်ဆူညှံ့လျှင် ကျပ် ၄၇,၅၀၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ကြက်ဆူ တစ်တင်းလျှင် ကျပ် ၇၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။



**မြေပဲဆန်**

ကန့်ဘလူမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇွန်လအတွင်း အရောင်းအဝယ်ဖြစ်နေသည့် မြေပဲလုံးဆန်များကို ဒေသတွင်းရှိ စိုက်ပျိုးသူများထံမှ လည်းကောင်း၊ မန္တလေးမြို့နှင့်ရွှေဘိုမြို့တို့မှလည်းကောင်း ဝင်ရောက်လျက်ရှိရာ ဇွန်လတတိယပတ်အတွင်း မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၇၀၅၀ နှင့် ၂၅ ပိဿာတစ်အိတ်လျှင် ကျပ် ၁၇၆,၂၅၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ယခုတတိယပတ်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းသွားကြောင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သယ်ယူပို့ဆောင်ရေး ပိုမိုကောင်းမွန်လာပါက ဒေသထွက် သီးနှံဈေးနှုန်း မြင့်တက်လာနိုင်ကြောင်း ဒေသတွင်း သီးနှံပွဲရုံများထံမှ သိရသည်။

**Source: https://www.doca.gov.mm/**

## တရုတ်လုပ်ငန်းရှင်များ B2B စနစ်ဖြင့် မြန်မာ့ပြောင်းဖူးကို ကာလရှည်ဝယ်ယူရန် စိတ်ဝင်စား

တရုတ်နိုင်ငံရှိ လုပ်ငန်းရှင်များက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းဖူးများကို B2B (Business to Business) စနစ်ဖြင့် ကာလရှည် ဝယ်ယူတင်သွင်းရန် စိတ်ဝင်စားမှုရှိနေကြောင်း ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

China Kunming ASEAN Association က မြန်မာနိုင်ငံမှ ပြောင်းဖူးများကို တရုတ်နိုင်ငံသို့ လစဉ် ကာလရှည် တင်သွင်းလိုကြောင်း ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးထံ ဆက်သွယ်အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

ယင်းအသင်းအနေဖြင့် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များနှင့် B2B စာချုပ်များချုပ်ဆိုကာ လစဉ်ပုံမှန် ဝယ်ယူတင်သွင်းလိုကြောင်းနှင့် လက်ရှိဈေးနှုန်းများကို သိရှိလိုကြောင်းလည်း အသိပေးထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ ပြောင်းစိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့သူများအနေဖြင့် အရည်အသွေး၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ပြောင်းဖူးများကို တင်ပို့ရောင်းချလိုပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်သွယ်နိုင်ကြောင်း ကောင်စစ်ဝန်ချုပ်ရုံးက အသိပေးထားသည်။

မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း၏ ခန့်မှန်းချက်အရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပဈေးကွက်များသို့ မြန်မာ့ပြောင်း တန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ပြောင်းဖူးများကို ထိုင်း၊ ဖိလစ်ပိုင်နှင့်အိန္ဒိယနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိပြီး တရုတ်ဈေးကွက်မှ ကာလရှည်ဝယ်လိုအား တိုးလာခြင်းသည် ပြောင်းစိုက်တောင်သူများနှင့် တင်ပို့ရောင်းချသူများအတွက် ဈေးကွက်အခွင့်အလမ်းသစ်တစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရသည်။

**Source: https://www.popularmyanmar.com**

## ကန့်ဘလူမြို့နယ်တွင် တစ်ပိုင်တစ်နိုင် ပဲတောင့်ရှည်စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိသားစုအပိုဝင်ငွေရရှိစေရန်အတွက် တစ်ပိုင်တစ်နိုင် ပဲတောင့်ရှည် (တိုင်ထောင်ပဲ) စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေး ရေရှည်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိမိတို့အိမ်ခြံဝင်းအတွင်း၌သော်လည်းကောင်း၊ ရေသွင်းရ လွယ်ကူသော စိုက်ခင်းမြေကွက်များ၌သော်လည်းကောင်း ပဲတောင့်ရှည်ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ ပဲတောင့်ရှည်သည် ရေသွင်း/ရေဖျန်းစနစ်ဖြင့် စနစ်တကျ ပြုစုပျိုးထောင်ပါက သုံးရာသီပတ်လုံး စိုက်ပျိုးဖြစ်ထွန်းသောသီးနှံဖြစ်ပြီး စိုက်ပျိုးပြီး ရက်ပေါင်း ၄၅ ရက်မှ ၅၀ အကြာတွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြစ်သည့်အတွက် လုပ်အားခကုန်ကျစရိတ်သက်သာပြီး မိသားစုလုပ်အားဖြင့်သာ အဓိကလုပ်ကိုင်ကြသည်။ ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ စိုက်ကျင်းတူးခြင်းနှင့် မြေသြဇာဖိုး၊ တိုင်ထောင်ရန် ဝါးနှင့်ကွန်ရက်ကြိုးဖိုးစသည်တို့အတွက် အဓိကကုန်ကျပြီး စိုက်ပျိုးမည့် မြေအကျယ်အဝန်းပေါ်မူတည်၍ ကုန်ကျစရိတ် အနည်းငယ်သာရှိခြင်းကြောင့် အရင်းအနှီးနည်းပါးသော သီးနှံဖြစ်သည်ဟု တောင်သူများကဆိုသည်။

ပဲတောင့်ရှည်ပင်များ စတင်အသီးထွက်ရှိချိန်တွင် တစ်ရက်ခြား သို့မဟုတ် နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရလေ့ရှိပြီး အပင်ရေ (၅၀၀) ခန့် စိုက်ပျိုးထားပါက တစ်ကြိမ်ခူးလျှင် ပိဿာချိန် အနည်းဆုံး (၁၀)ပိဿာမှ (၁၅)ပိဿာအထိ ထွက်ရှိသည်။ အဆိုပါ ထွက်ရှိလာသော ပဲတောင့်ရှည်များကို ကန့်ဘလူမြို့ပေါ်ရှိ ကုန်စိမ်းဒိုင်များနှင့် ဒေသတွင်းဈေးများသို့ နေ့စဉ်သွားရောက်ရောင်းချကြောင်း သိရသည်။

လက်ရှိဈေးကွက်အတွင်း ပဲတောင့်ရှည် တစ်ပိဿာလျှင် ဒေသတွင်းပေါက်ဈေးအရ စီးပွားရေး တွက်ခြေကိုက်သော ဈေးနှုန်းရရှိနေသဖြင့် တစ်ရက်ခြားတစ်ကြိမ် ပုံမှန်ဝင်ငွေ ရရှိနေသည်။ "ပဲတောင့်ရှည်က အရင်းအနှီး သိပ်မလိုသလို မိသားစုလုပ်အားနဲ့တင် လုပ်လို့ရတယ်။ ရက်တိုတိုနဲ့ နေ့စဉ်ရက်ဆက် ဝင်ငွေရနေတော့ အိမ်စရိတ်၊ စားစရိတ်အတွက် ဘာမှပူစရာမလိုဘဲ မိသားစုစားဝတ်နေရေးအတော်လေးအဆင်ပြေပါတယ်"ဟု ကန့်ဘလူမြို့နယ်မှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူတောင်သူတစ်ဦးက ပြောကြားခဲ့သည်။

ယခုကဲ့သို့ မိသားစုတစ်ပိုင်တစ်နိုင် ပဲတောင့်ရှည်စိုက်ပျိုးခြင်းသည် အရင်းအနှီးနည်းပါးပြီး ရက်တိုတိုဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိစေသောကြောင့် ကန့်ဘလူမြို့နယ်ရှိ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုအပိုဝင်ငွေရရှိစေသော စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်နေကြောင်း သိရသည်။

**Source: https://www.doca.gov.mm/**

## BRICS နိုင်ငံများအကြား စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုက ကမ္ဘာ့ကုန်သွယ်ရေးကို ပုံဖော်မည်ဖြစ်ကြောင်း FAO ကိုယ်စားလှယ်ကပြောကြား

ရုရှားနိုင်ငံဆိုင်ရာ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအဖွဲ့ (FAO) ရုံးအကြီးအကဲ Oleg Kobyakov က BRICS အဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းက ကမ္ဘာ့စီးပွားရေးနှင့်ကုန်သွယ်ရေး အနာဂတ်အတွက် အဆုံးအဖြတ်ပေးနိုင်ကြောင်း စိန့်ပီတာစဘတ်၊ နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် အလေးအနက်ပြောကြားခဲ့သည်။

BRICS နိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ ၄၂ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့အနာဂတ် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူငယ်လူဦးရေအများစုပါဝင်ကြောင်း၊ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအချို့လည်း BRICS တွင် ပါဝင်နေသည့်အပြင် ကမ္ဘာ့အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၃ ပုံ ၁ ပုံကျော်နှင့် နိုင်ငံတကာကုန်သွယ်မှု (အထူးသဖြင့် စိုက်ပျိုးရေးထွက်ကုန်များနှင့် ဆက်စပ်လုပ်ငန်းများ) တွင် သိသာစွာပါဝင်နေမှုကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ဦးတည်ချက်သည် BRICS အဖွဲ့တွင်းနှင့် အဖွဲ့ပြင်ပ ပူးပေါင်းဆောင်ရွက်မှုများ၏ သဘောသဘာဝအပေါ်တွင် များစွာမူတည်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

ပူးပေါင်းဆောင်ရွက်ကြရာတွင်လည်း စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာစနစ်များ ရေရှည်တည်တံ့ရန်၊ သင့်လျော်သော စည်းမျဉ်းမူဘောင်များ ဖန်တီးရန်၊ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများဖလှယ်ရန်၊ ထုတ်လုပ်သူများအတွက် မျှတသော ဈေးကွက်ဝင်ရောက်ခွင့်ပေးရန်၊ အပင်နှင့်တိရစ္ဆာန်မွေးမြူရေး တိုးတက်ရန် ဉာဏ်ရည်တုနည်းပညာ (artificial intelligence) အပါအဝင် တီထွင်မှုမျိုးစုံကို အပြည့်အဝအသုံးချရန် လိုအပ်ကြောင်းနှင့် ၎င်းတို့အောင်မြင်ရန်မှာ လူငယ်များအား အသိပညာပေးရေးက အဓိကဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တောင်သူလယ်သမားများသည် နိုင်ငံအများစုတွင် လူမှုဘဝတည်ငြိမ်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်သဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်ရှိလိုအပ်ချက်များနှင့်အညီ လမ်းများ၊ ဆေးရုံများ၊ ပညာရေး အဆောက်အဦများ၊ မြန်နှုန်းမြင့်အင်တာနက်များ၊ ငွေကြေးအခွင့်အလမ်းများစသည်တို့ကို ဖန်တီးပေးသင့်ကြောင်း ပြောကြားခဲ့သည်။

**Source:** https://commerce.gov.mm/

## AFTA အောက်တွင် မြန်မာ့ပြောင်းတင်သွင်းခွင့်ကာလကို ထိုင်းအစိုးရ အရေးပေါ်သက်တမ်းတိုးမြှင့်ပေးရန် ဆုံးဖြတ်

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် ပြည်တွင်းတိရစ္ဆာန်အစာစက်ရုံများ၏ ကုန်ကြမ်းပြတ်လတ်မှုအခက်အခဲကိုဖြေရှင်းရန်အတွက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ(AFTA)အစီအစဉ်အောက်မှ ပြောင်းတင်သွင်းခွင့်ကာလကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးရန် အတည်ပြုဆုံးဖြတ်လိုက်သည်။

အဆိုပါဆုံးဖြတ်ချက်ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ မွန်းလွဲ ၁ နာရီ ၃ မိနစ်တွင် ထိုင်းနိုင်ငံအစိုးရ အိမ်တော် (Government House)၊ အဆောက်အအုံ ၁ ရှိ အစည်းအဝေးခန်းမ ၅၀၁ ၌ ကျင်းပပြုလုပ်ခဲ့သော ထိုင်းအစိုးရအဖွဲ့(Cabinet)အစည်းအဝေးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးကို ဒုတိယဝန်ကြီးချုပ် နာယီပိဖတ်ရာချာကစ်ပရာကန်(Mr. Phiphat Ratchakitprakarn)က သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုအတည်ပြုချက်အရ အထွေထွေသွင်းကုန်လုပ်ငန်းရှင်များအတွက် AFTA မူဘောင်အောက်တွင် တိရစ္ဆာန်အစာသုံးပြောင်းဖူးတင်သွင်းခွင့်ကာလအား မူလက သတ်မှတ်ထားသော ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိအစား ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ နှစ်လထပ်မံတိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ဇွန်လ ၁၁ ရက်နေ့က ကျင်းပခဲ့သည့်"ပြောင်းဖူးမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီ"၏ အစည်းအဝေးအမှတ်စဉ် ၁/၂၅၆၉ ဆုံးဖြတ်ချက်အဆိုပြုချက်ကို အစိုးရအဖွဲ့က ဆက်လက်အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းအစိုးရသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ နယ်စပ်ဖြတ်ကျော် မြူမှုန်ပြဿနာ (PM_2.5)ကို ဖြေရှင်းရန်အတွက် "တောမီးရှို့စိုက်ပျိုးခြင်းလုပ်ငန်းစဉ်များနှင့် ဆက်စပ်မှုမရှိသော ပြောင်းဖူးများကိုသာ တင်သွင်းရမည်" ဟူသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒအသစ်ကို တင်းကျပ်စွာစတင်ကျင့်သုံးခဲ့သည်။ ယင်းသို့ စည်းကမ်းချက်များ တင်းကျပ်လိုက်ခြင်းကြောင့် အိမ်နီးချင်းမြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများမှ ပြောင်းဖူးတင်သွင်းမှုပမာဏသည် သိသိသာသာကျဆင်းသွားခဲ့ပြီး ထိုင်းပြည်တွင်း၌ ကုန်ကြမ်းမလုံလောက်မှု ပြတ်လတ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ထို့ပြင် လက်ရှိရာသီဥတုအခြေအနေများအရ ထိုင်းပြည်တွင်းစိုက်ပျိုးထုတ်လုပ်သည့် ပြောင်းဖူးများသည် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်းမှသာ ဈေးကွက်ထဲသို့ အများအပြား(စုစုပေါင်းထွက်ရှိမှု၏ ၈၀ ဒသမ ၆၉ ရာခိုင်နှုန်း သို့မဟုတ် တန်ချိန် ၄ ဒသမ ၀၄ သန်းခန့်)စတင်ဝင်ရောက်မည်ဖြစ်ရာ ကြားကာလဖြစ်သော ဇူလိုင်နှင့်ဩဂုတ်လများတွင် လိုအပ်ချက် ပိုမိုမြင့်မားနေခြင်းဖြစ်သည်။

ဤကဲ့သို့ ကုန်ကြမ်းလိုအပ်ချက်ရှိနေသည့်အတွက် မြန်မာသံရုံး၊ ရန်ကုန်မြို့အခြေစိုက် ထိုင်းနိုင်ငံခြား ကုန်သွယ်မှုမြှင့်တင်ရေးရုံးနှင့် ထိုင်းနိုင်ငံတိရစ္ဆာန်အစာထုတ်လုပ်သူများအသင်းတို့က လက်ရှိအခြေအနေနှင့်ကိုက်ညီမှုရှိစေရန် တင်သွင်းခွင့်

ကာလအား သြဂုတ်လအထိ တိုးမြှင့်ပေးရန်(ထိုင်းအစိုးရ)ထံ တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

ယခုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် သက်ဆိုင်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနတို့က ကုန်သွယ်မှုများအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းနှင့်စည်းမျဉ်းစည်းကမ်းများကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source: The Royal Thai Government(18-6-2026)**

**(ရည်မွန်လှိုင်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ထိုင်းအစိုးရက သိုလှောင်ထားသည့် ရော်ဘာတန်ချိန် ၁၈,၀၀၀ ကျော်ကို ဘတ် ၁.၂ ဘီလီယံဖြင့် အောင်မြင်စွာလေလံတင်ရောင်းချ၊ ဈေးကွက်ယန္တရားကို ထိခိုက်မှုမရှိဟုဆို

ထိုင်းဝန်ကြီးချုပ်ရုံး၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး Pattarasmi Thongsluakorn က စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီး Mr. Suriya ၏လမ်းညွှန်ချက်အရ ထိုင်းရော်ဘာအာဏာပိုင်အဖွဲ့(RAOT) သည် ပြည်တွင်း၌ ရော်ဘာဈေးနှုန်းမြင့်တက်နေပြီး ဈေးကွက်အတွင်း ရော်ဘာအဝင်နည်းပါးနေသည့် အချိန်ကိုက်ကာလကို အသုံးချကာ အစိုးရသိုလှောင်ရုံများရှိ ရော်ဘာလက်ကျန်များကို အောင်မြင်စွာ လေလံတင်ရောင်းချနိုင်ခဲ့ကြောင်း ဇွန်လ ၁၉ ရက်(သောကြာနေ့)တွင် ထုတ်ပြန်ခဲ့သည်။

ယခုတစ်ကြိမ် လေလံတင်ခဲ့သည့် ရော်ဘာများသည် ရာဘာဈေးနှုန်းတည်ငြိမ်စေရန်အတွက် ဖော်ဆောင်ထားသော ရော်ဘာဈေးနှုန်းထိန်းညှိရေးစီမံကိန်းများ(Bumper Project)မှ ဝယ်ယူသိုလှောင်ထားခြင်းဖြစ်ပြီး၊ စုစုပေါင်းရော်ဘာတန်ချိန် ၁၈,၄၈၁ ဒသမ ၉၃ တန်ကို စုစုပေါင်းတန်ဖိုးဘတ် ၁,၂၃၂ ဒသမ ၂ သန်း (၁ ဒသမ ၂၃ ဘီလီယံကျော်)ဖြင့် ရောင်းချနိုင်ခဲ့သည်။ ယင်းပမာဏသည် မူလဖွင့်လှစ်ခဲ့သည့် အခြေခံလေလံဈေး(ဘတ် ၉၁၃ ဒသမ ၉၅ သန်း)ထက် ဘတ် ၃၁၈ ဒသမ ၂၅ သန်း (၃၄ ဒသမ ၈၂ ရာခိုင်နှုန်း) ပိုမိုမြင့်မားစွာရရှိခဲ့ခြင်းဖြစ်သည်။

ဈေးကွက်ယန္တရားနှင့်ကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်မှုများ: (က) ဈေးကွက်အတွင်း ပိုလျှံမှုမရှိခြင်း: စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီး၏ အတွင်းရေးမှူး Mr. Sarawut Nengshanong ၏အဆိုအရ ယခုရောင်းချလိုက်သည့် ရော်ဘာပမာဏသည် ယခုနှစ် ဇွန်လအတွင်း ထွက်ရှိမည့် စုစုပေါင်းရော်ဘာအထွက်နှုန်း(တန်ချိန် ၄၁၈,၄၇၈ တန်)၏ ၄ ဒသမ ၃ ရာခိုင်နှုန်းသာရှိသဖြင့် ပြည်တွင်း၌ ရော်ဘာအလွန်အမင်းပိုလျှံခြင်း(Oversupply) မဖြစ်စေဘဲ ပြည်တွင်းရော်ဘာဈေးကွက်ယန္တရားကို တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်းဆိုသည်။ (ခ) ပုဂ္ဂလိကကဏ္ဍ၏ စိတ်ဝင်စားမှုနှင့် ပြိုင်ဆိုင်မှု: ယခုလေလံပွဲကို ဆောင်ခလာ (Songkhla) ပြည်နယ်ရှိ သိုလှောင်ရုံ ၃ ခုနှင့် ချွန်ပူရီ(Chonburi)ပြည်နယ်ရှိ ကုန်ထုတ်လုပ်မှုဇုန် ဂိုဒေါင် ၁ ခု (စုစုပေါင်းဂိုဒေါင် ၄ ခု)တွင် နေရာခွဲခြား၍ စနစ်တကျကျင်းပခဲ့သဖြင့် ပုဂ္ဂလိကကုမ္ပဏီများအကြား ကျယ်ကျယ်ပြန့်ပြန့်ဈေးနှုန်းအပြိုင်အဆိုင်ပေးသွင်းလာကြပြီး မျှော်မှန်းထားသည်ထက် ပိုမိုမြင့်မားသော ရလဒ်ကိုရရှိခဲ့ခြင်းဖြစ်သည်။ (ဂ) ရာသီဥတုအချက်အလက် (Super El Niño): လက်ရှိမိုးရာသီအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ဈေးကွက်အတွင်း ရော်ဘာအထွက်နှုန်းလျော့နည်းနေသည့်အပြင်၊ ယခုနှစ်ကုန်ပိုင်းတွင် ပြင်းထန်သောအယ်လ်နီညို(Super El Niño)ဖြစ်စဉ်ကြုံတွေ့ရနိုင်ခြေရှိသဖြင့် ရှေ့ဆက်၍ ရော်ဘာထွက်ရှိမှု ပိုမိုလျော့ကျသွားနိုင်သည်။ ထို့ကြောင့် ယခုကဲ့သို့ဈေးကွက်အတွင်း ကုန်ကြမ်းပြတ်လပ်နေချိန်တွင် အစိုးရအရန်စတော့ကို ထုတ်ရောင်းပေးခြင်းက ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး၊ တစ်ဖက်တွင်လည်း မိမိတို့ထုတ်ကုန်ကို တဖြည်းဖြည်းချင်း ထုတ်ရောင်းနေသည့် ရော်ဘာတောင်သူများ၏ ဝင်ငွေတည်ငြိမ်မှုကို ကောင်းစွာပံ့ပိုးပေးနိုင်ခဲ့သည်။

လေလံရငွေအား အစိုးရဘတ်ဂျက်မသုံးဘဲ ကြွေးမြီပြန်ဆပ်ခြင်း (က) ယခုလေလံပွဲမှ ရရှိလာသော ဘတ် ၁ဒသမ ၂ ဘီလီယံကျော်ကို အစိုးရထံမှ ထပ်ဆောင်းဘတ်ဂျက်တောင်းခံစရာမလိုဘဲ စိုက်ပျိုးရေးနှင့်လယ်ယာသမဝါယမဘဏ် (BAAC)ထံသို့ ကြွေးမြီများပြန်လည်ပေးဆပ်ခြင်းနှင့် ရော်ဘာသိုလှောင်ရုံများ၏ ဂိုဒေါင်ငှားရမ်းခများပေးချေခြင်းတို့တွင် တိကျမှန်ကန်စွာအသုံးပြုသွားမည်ဖြစ်သည်ဟု ဖော်ပြထားပါသည်။

**Source: The Royal Thai Government(19-6-2026)**

**(ရည်မွန်လှိုင်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (20.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,144 (Shares) | 129,866,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,500 | +0 | +0.00% | 16,500 | 17,000 | 16,500 | 964 | 16,031,000 | 33,109,694 | 546,310 |
| MTSH | 00002 | 8,900 | -500 | -5.32% | 9,000 | 9,100 | 8,900 | 5,477 | 49,567,600 | 38,929,150 | 346,469 |
| MCB | 00003 | 12,500 | +0 | +0.00% | 12,500 | 12,500 | 12,500 | 184 | 2,300,000 | 10,400,986 | 130,012 |
| FPB | 00004 | 7,400 | -200 | -2.63% | 7,600 | 7,600 | 7,400 | 1,325 | 9,818,300 | 31,144,738 | 230,471 |
| TMH | 00005 | 3,650 | +50 | +1.39% | 3,600 | 3,650 | 3,600 | 52 | 189,250 | 12,823,224 | 46,805 |
| EFR | 00006 | 1,950 | -50 | -2.50% | 2,000 | 2,000 | 1,900 | 8,011 | 15,379,350 | 19,977,223 | 38,956 |
| AMATA | 00007 | 4,000 | +50 | +1.27% | 4,000 | 4,000 | 4,000 | 128 | 512,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,100 | +100 | +1.67% | 6,000 | 6,100 | 6,000 | 6,003 | 36,069,000 | 23,804,946 | 145,210 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 22nd Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 804.60 | -12.20 | -1.49% | 808.87 | 819.07 | 804.60 | 22,144 | 129,866,500 | 8 | 1,526,223 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 22nd Jun, 2026

| Trading Volume | Trading Value |
|---|---|
| 25,003 (Shares) | 169,552,500 (MMK) |

## Main Board

As of 1:00 pm, 22nd Jun, 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,144 (Shares) | 129,866,500 (MMK) |

| MYANPIX | 804.60 ▼ 12.20 |
|---|---|
| Total Volume (shares) | 22,144 |
| Total Value (MMK) | 130 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,526,223 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,500 | ▲ 0 |
| MTSH | 00002 | 8,900 | ▼ 500 |
| MCB | 00003 | 12,500 | ▲ 0 |
| FPB | 00004 | 7,400 | ▼ 200 |
| TMH | 00005 | 3,650 | ▲ 50 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 50 |
| MAEX | 00008 | 6,100 | ▲ 100 |

TIR